# AVG မှ Kasper သို့ ပြောင်းမယ်ဆိုရင်




AVG တင်ထားတဲ့ စက်မှာ uninstall ပေးပြီး kaspersky တင်လိုက်ရင် အောက်က အတိုင်းပေါ်တယ်။




AVG ရှိနေသေးတယ်ပေါ့။ Remove ဆိုတာလေး နှိပ်လိုက်ရင် add/remove programs ကို ရောက်သွားတယ်။ uninstall လုပ်ပြီးသားဆိုတော့လည်း ရှာလည်း မတွေ့ဘူးလေ။ program files ထဲ သွားပြီး ကျန်တာ ဖျတ်ပေးလည်း မထူးဘူးလေ။ ဘာလို့လဲ ဆိုတော့ AVG ရဲ့ Uninstall program က သူ့ရဲ့ registry ဖိုင်တွေကို မဖျတ်ပေးခဲ့ဘူး။ kasper လည်း တင်လိုက်ရော မတိကျတဲ့ AVG နဲ့ လက်ပေါက်ကပ်တဲ့ kasper တွေ့ကြရောပေါ့။ လေရှည်သွားပြီ တင်လို့ ရဖို့က လွယ်လွယ်လေးပါ။

Run မှာ regedit လို့ ရိုက်ထည့်ပြီး Registry Editor ကို ဖင့်လိုက်ပါတယ်။ အောက်ပါအတိုင်း ရှာလိုက်ပါ။

HKEY_LOCAL_MACHINE\SOFTWARE\AVG

ရှာတွေ့မယ် ထင်ပါတယ်။ HKEY_LOCAL_MACHINE ရဲ့ SOFTWARE အောက်မှာ AVG ကို right click လုပ်ပြီး delete နှိပ် ဖျက်ပစ်လိုက်ပါ။




ပြီးရင် Registry Editor ပိတ်လိုက်ပြီး ပုံမှန်အတိုင်းပဲ Kasper ပြန် run လိုက်ပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်။